Message Eleven

## သိုးသငယ်-ဘုရားသခင်သည် မြို့တော်အတွင်းရှိ ပလ္လင်တော်ပေါ်မှာ ရှိခြင်း

ဖတ်ရန်ကျမ်း။ ။ ဗျာ၊၄း၂-၃။ ၂၂း၁-၅။ ၂၁း၂၃။ ယေဇ၊၁း၂၂၊ ၂၆-၂၈

**I. သိုးသငယ်-ဘုရားသခင်သည် မြို့တော်အတွင်းရှိ ပလ္လင်တော်ပေါ်မှာ ရှိသည် - ဗျာ၊၄း၂-၃။ ၂၂း၁-၅။ ၂၁း၂၃။**

A. *ဘုရားသခင်နှင့် သိုးသငယ်၏ ပလ္လင်တော်* ဟူသည်မှာ ဘုရားသခင်နှင့် သိုးသငယ် နှစ်ဦးလုံးအတွက် ပလ္လင်တော်တစ်ခုတည်းသာ ရှိကြောင်း ပြသနေပြီး၊ ဘုရားသခင်နှင့် သိုးသငယ်သည် တစ်ဦးတည်း - သိုးသငယ်-ဘုရားသခင်၊ ရွေးနုတ်သော ဘုရားသခင်၊ ရွေးနုတ်ရှင် ဘုရားသခင်ဖြစ်ကြောင်း ရည်ညွှန်းသည် - ၂၂း၁။ ၄း၂-၃။

B. ထာဝရကာလ၌ ပလ္လင်တော်ပေါ်မှာ ထိုင်တော်မူသော ဘုရားသခင်သည် ကျွန်ုပ်တို့၏ရွေးနုတ်ရှင် ဘုရားသခင်ဖြစ်ပြီး၊ ကိုယ်တော်၏ပလ္လင်တော်ထံမှ ကျွန်ုပ်တို့၏ မစမှုနှင့် ကျေနပ်နှစ်သိမ့်ခြင်းအတွက် အသက်ရေစီးရာမြစ် စီးထွက်လာသည်။

C. ဤသည်မှာ သုံးပါးတစ်ပါးဘုရား - ဘုရားသခင်၊ သိုးသငယ်နှင့် အသက်ရေအားဖြင့် ပုံဆောင်သည့် ဝိညာဉ်တော် - သည် ထာဝရကာလပတ်လုံး ကိုယ်တော်၏ဦးခေါင်းအရာ (ပလ္လင်တော်၏ အခွင့်အာဏာဖြင့် ရည်ညွှန်းခြင်း) အောက်မှာ ကိုယ်တော်၏ရွေးနုတ်ခံများအထဲသို့ မိမိကိုယ်တော်တိုင်ကို မည်သို့ ဝေငှဖြန့်ဖြူးနေကြောင်း ပုံဖော်ပြသထားသည်။

**II. ပလ္လင်တော်သည် ကျွန်ုပ်တို့ခရစ်ယာန်အသက်တာ၏ အလယ်ဗဟိုဖြစ်သည်။**

A. ကျွန်ုပ်တို့၏နေ့စဉ်အသက်တာ၌၊ ကျွန်ုပ်တို့၏မိသားစုအသက်တာ၌၊ ကျွန်ုပ်တို့၏အိမ်ထောင်အသက်တာ၌၊ ကျွန်ုပ်တို့၏စီးပွားလုပ်ငန်းအသက်တာ၌၊ ကျွန်ုပ်တို့၏အသင်းတော်အသက်တာ၌ အလယ်ဗဟိုသည် ဘုရားသခင်၏ပလ္လင်တော် ဖြစ်ရမည်။ အရာခပ်သိမ်းသည် ကိုယ်တော်၏ဦးခေါင်းအရာထံသို့ ဝန်ခံခြင်းရှိသင့်ပေသည်။

B. နံနက်ခင်းတိုင်း နိုးလာပြီးနောက်မှာ ကျွန်ုပ်တို့သည် "သခင်၊ ကိုယ်တော်ကို ကျွန်ုပ်၏သခင်အဖြစ် ယူဆောင်ရန် ကျွန်ုပ်အဖို့ နေ့သစ်ကို ပေးသောကြောင့် ကျေးဇူးတင်ပါ၏။ တစ်နေ့တာလုံးအတွက် ကိုယ်တော်၏ ဦးခေါင်းအရာအောက်မှာ ကျွန်ုပ်ကိုယ်ကို ဝန်ခံပါ၏။ သခင်၊ ကျွန်ုပ်၏အသက်တာ၌ ကိုယ်တော်၏ပလ္လင်တော်ကို တည်တော်မူပါ။ ကျွန်ုပ်ဖြစ်ခြင်း အလယ်ဗဟို၌ ကိုယ်တော်ပလ္လင်တော် တည်တော်မူပါ။ သခင်၊ ကျွန်ုပ်၏တစ်နေ့တာလုံးနှင့် ကျွန်ုပ်၏နေ့စဉ်အသက်တာကို ကိုယ်တော်၏ပလ္လင်တော်အောက်မှာ ဆောင်ယူတော်မူပါ"ဟု ပြောရန် လိုအပ်သည်။ သုံးပါးတစ်ပါးဘုရားထံသို့ ထိုသို့သော ဆုတောင်းချက်ကို နံနက်ခင်းတိုင်းမှာ ပူဇော်မည်ဆိုလျှင် ထိုအချိန်မှစ၍ ကျွန်ုပ်တို့အတွင်းမှ အသက်ရှင်သောရေ စီးထွက်ခြင်း ရှိလိမ့်မည်ဖြစ်သည်။

C. ကျွန်ုပ်တို့၏အတွေ့အကြုံ၌ ကျွန်ုပ်တို့ကိုယ်ကို သုံးပါးတစ်ပါးဘုရားထံ ဝန်ခံခြင်း၊ ကိုယ်တော်ကို ကျွန်ုပ်တို့၏ဦးခေါင်းတော်အဖြစ် ယူဆောင်ခြင်း ရှိသောအခါတိုင်း ကျွန်ုပ်တို့အတွင်း စီးဆင်းခြင်းကို မွေ့လျော်ဝမ်းမြောက်ရသည်။ မြစ်သည် ကြံစည်တော်မူသော ဘုရားသခင်နှင့်အတူ၊ ရွေးနုတ်တော်မူသော သိုးသငယ်နှင့်အတူ၊ ယခု အရာအားလုံးပါဝင်သော၊ အဆင့်ဆင့်ဖြတ်ကျော်သော၊ အသက်ပေးသော ဝိညာဉ်တော်ဖြစ်တော်မူသည့် ဝိညာဉ်တော်နှင့်အတူ စီးဆင်းနေသည်။

D. ကိုယ်တော်၏ဦးခေါင်းအရာအောက်မှာ ကျွန်ုပ်တို့သည် အသက်မစမှုနှင့် အသက်၏လမ်းတို့နှင့်အတူ အသက်၏စီးဆင်းခြင်းကို မွေ့လျော်ဝမ်းမြောက်ရသည်။ အသက်၏စီးဆင်းခြင်း၌ ကျွန်ုပ်တို့ ကိုယ်တော်ကို အစေခံကြသည်၊ ကိုယ်တော်ကို မြင်ကြသည်၊ ကိုယ်တော်နှင့်အတူ စိုးစံကြသည် - ၂၂း၂-၅။

**III. ယေဇကျေလ ၁ တွင် ကျွန်ုပ်တို့ဝိညာဉ်ရေးရာ အတွေ့အကြုံ၌ အမြင့်ဆုံးအချက်မှာ ကြည်လင်သောကောင်းကင်နှင့်အတူ ၎င်းအပေါ်မှာ ဘုရားသခင်၏ပလ္လင်တော်ရှိခြင်း ဖြစ်ကြောင်း ဖွင့်ပြထားသည်။ ဤအချက်သို့ ရောက်ရှိရန်ဆိုသည်မှာ အရာခပ်သိမ်း၌ ကျွန်ုပ်တို့သည် ဘုရားသခင်ကို အဦးဆုံးဖြစ်ရန် အခွင့်ပေးခြင်းနှင့် ကိုယ်တော်၏အခွင့်အာဏာနှင့် စီမံခန့်ခွဲမှုထံ အပြည့်အဝဝန်ခံကြောင်း ဆိုလိုခြင်းဖြစ်သည် - အငယ်၊၂၂၊ ၂၆။**

A. အသက်ရှင်သောသတ္တဝါများ၏ ဦးခေါင်းများပေါ်ရှိ ဝိညာဉ်ရေးရာ ကောင်းကင်မှာ ကြောက်မက်ဖွယ်သော ကြီးမားလှသည့် ကျောက်သလင်းကဲ့သို့ ပြတ်သားကြည်လင်နေသည်။ ထို့မျှမက ဤမိုးကောင်းကင်သည် ကျယ်ပြန့်ကာ တည်ငြိမ်ပြီး ကျောက်သလင်းကဲ့သို့ မပြောင်းမလဲရှိနေသည် - အငယ်၊၂၂။

B. ထိုသို့သောအခြေအနေ၌ ကျွန်ုပ်တို့နှင့် ဘုရားသခင်အကြားတွင် မည်သည့်အရာမျှမရှိတော့၊ ကျွန်ုပ်တို့နှင့် အချင်းချင်းအကြား၌လည်း မည်သည့်အရာမျှမရှိတော့ပေ။ ကျွန်ုပ်တို့သည် သခင်ဘုရားနှင့်လည်းကောင်း၊ အချင်းချင်းနှင့်လည်းကောင်း အကုန်အစင်ဖြစ်သော၊ ကြည်လင်သော မိတ်သဟာယရှိကြသည်။

C. ဤသို့ရှိရန် ဘုရားသခင်နှင့်လူတို့ထံသို့ မည်သည့်အပြစ်တင်ခြင်းမျှမရှိဘဲ စင်ကြယ်သောသြတ္တပ္ပစိတ်ဖြင့် တည်မြဲနေရန် လိုအပ်သည်။ ကျွန်ုပ်တို့၏မိုးကောင်းကင် သမိုင်းကြောင်းသည် ကျွန်ုပ်တို့သြတ္တပ္ပစိတ်၏ သမိုင်းကြောင်းဖြစ်သည် - တ၊၂၄း၁၆။

D. ပလ္လင်တော်သည် ခရစ်တော်၏ အုပ်စိုးသော မျက်မှောက်တော်ဖြစ်သည်။

1. သခင်ဘုရား၏ မျက်မှောက်တော်သည် ကိုယ်တော်၏ပလ္လင်တော်နှင့်အတူ အမြဲရှိသည်။ သခင်ဘုရား၏ပလ္လင်တော်သည် တတိယကောင်းကင်၌လည်းကောင်း၊ ကျွန်ုပ်တို့၏ဝိညာဉ်၌လည်းကောင်း ရှိသည် - ဗျာ၊၄း၂-၃။ ဟေဗြဲ၊၄း၁၆။ ညွှန်း၊ ၂တိ၊၄း၂၂။

   a. ကောင်းကင်ရှိ ပလ္လင်တော်ပေါ် ထိုင်နေသော ခရစ်တော်သည် (ရော၊၈း၃၄) ယခု ကျွန်ုပ်တို့၌ (အငယ်၊၁၀)၊ ယင်းမှာ ကျွန်ုပ်တို့၏ ဝိညာဉ်၌ (၂တိ၊၄း၂၂) ရှိနေကာ၊ ယင်းသည် ဘုရားသခင်ကိန်းဝပ်ရာနေရာ ဖြစ်သည်။

   b. ဘုရားသခင်၏အိမ်တော်၊ ဘုရားသခင်၏ကိန်းဝပ်ရာနေရာ ဗေသလတည်းဟူသော ကောင်းကင်တံခါးဝ၌ ခရစ်တော်သည် မြေကြီးကို ကောင်းကင်သို့ ဆက်နွှယ်၍ ကောင်းကင်ကို မြေကြီးသို့ ယူဆောင်လာရာ လှေကားဖြစ်သည် - က၊၂၈း၁၂-၁၇။ ယော၊၁း၅၁။

   c. ယနေ့ ကျွန်ုပ်တို့၏ဝိညာဉ်သည် ဘုရားသခင်၏ကိန်းဝပ်ရာနေရာ ဖြစ်သည့်အတွက် ၎င်းသည် ယခု ကောင်းကင်တံခါးဝ ဖြစ်ကာ၊ ထိုနေရာမှာ ခရစ်တော်သည် မြေကြီးပေါ်ရှိလူများဖြစ်သည့် ကျွန်ုပ်တို့ကို ကောင်းကင်သို့ ဆက်နွှယ်၍၊ ကောင်းကင်ကို ကျွန်ုပ်တို့ထံ ဆောင်ယူလာသည့် လှေကားဖြစ်သည်။

   d. ထို့ကြောင့် ကျွန်ုပ်တို့သည် ဝိညာဉ်ထံသို့ လှည့်ပြန်လာသည့်အခါတိုင်း ကောင်းကင်တံခါးဝမှ ဝင်ရောက်သွားကြကာ၊ ကောင်းကင်ဆိုင်ရာလှေကားအဖြစ် ခရစ်တော်မှတစ်ဆင့် ကောင်းကင်ရှိ ကျေးဇူးတော်ပလ္လင်ကို ထိတွေ့ကြရသည်။

2. ပြတ်သားကြည်လင်သော မိုးမျက်နှာကြက်အထက်ရှိ ပလ္လင်တော်မှာ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ခရစ်ယာန်အသက်တာနှင့် အသင်းတော်အသက်တာ၌ ကြည်လင်သော ကောင်းကင်ရှိသောအခါတိုင်း၊ ပလ္လင်တော်၏ အုပ်စိုးမှုအောက်၌ ကျွန်ုပ်တို့ရှိလိမ့်မည်ဖြစ်ကြောင်း ညွှန်ပြနေသည်။ အသင်းတော်ရှိ အခွင့်အာဏာသည် ကြည်လင်သောကောင်းကင်အထက်ရှိ ပလ္လင်တော်ဖြစ်သည်။

3. ပလ္လင်တော်သည် ကျွန်ုပ်တို့အပေါ် ဘုရားသခင်အုပ်စိုးရန်အတွက်သာမက၊ ဘုရားသခင်သည် သူ၏ထာဝရအကြံအစည်တော်ကို ပြီးမြောက်ပြည့်စုံစေခြင်းအတွက်လည်း ဖြစ်သည်။ ကျွန်ုပ်တို့၏ဝိညာဉ်ရေးရာအသက်တာ၌ ပလ္လင်တော်ရှိမည်ဆိုလျှင် ဘုရားသခင်သည် ကျွန်ုပ်တို့အပေါ် အုပ်စိုးရုံသာမက၊ ကျွန်ုပ်တို့၌၊ ကျွန်ုပ်တို့နှင့် ကျွန်ုပ်တို့မှတစ်ဆင့် သူ၏အကြံအစည်တော်ကို ပြီးပြည့်စုံစေမည်ဖြစ်သည် - ရော၊၅း၁၇၊ ၂၁။ ညွှန်း၊ မ၊၂၈း၁၈-၂၀။

4. ပလ္လင်တော်သည် နီလာကျောက် အဆင်းသဏ္ဌာန်ရှိသည်။ အပြာရောင်ရှိသော နီလာကျောက်သည် ကောင်းကင်ဆိုင်ရာအခြေအနေ၊ အနေအထားနှင့် ခရစ်တော်၏အုပ်စိုးသောမျက်မှောက်တော်၏ အခြေအနေကို ပုံဆောင်သည် - ထွ၊၂၄း၁၀။

**IV. ယေဇကျေလ ၁ တွင် ပလ္လင်တော်ပေါ်မှာရှိသောအရှင်သည် လူနှင့်တူကြောင်း၊ သို့သော် ကိုယ်တော်နှင့်အတူ ယေဟောဝါ၏ဘုန်းတော်သွင်ပြင်သဏ္ဌာန်ရှိကြောင်း ဖွင့်ပြထားကာ၊ ယင်းမှာ ပလ္လင်တော်ပေါ်မှာ ထိုင်သောအရှင်သည် ဘုရားနှင့်လူ နှစ်ခုလုံးဖြစ်ကြောင်း ညွှန်ပြနေသည်။ ဤသည်မှာ ယေရှုခရစ်တော်၊ ဘုရား-လူ တည်းဟူသော ဘုရားနှင့်လူ ရောနှောပေါင်းစည်းခြင်း ဖြစ်သည် - အငယ်၊၂၆၊ ၂၈။**

A. ယေရှုခရစ်တော်သည် ပြည့်စုံသော ဘုရားသခင်ဖြစ်ကာ၊ ကိုယ်တော်သည် လူတစ်ဦးဖြစ်ရန် လူ့ဇာတိခံခဲ့သည်။ လူသားသဘောသဘာဝရှိလျက် ကိုယ်တော်သည် လူတစ်ဦးအဖြစ် အသက်ရှင်ခြင်း၊ အသေခံခြင်း၊ ရှင်ပြန်ထမြောက်ခြင်းနှင့် တက်ကြွခြင်းရှိခဲ့ကာ၊ ယခု ပလ္လင်တော်ပေါ်မှာ ထိုင်နေသောအရှင်အဖြစ် ကိုယ်တော်သည် လူသားတော် ဖြစ်နေဆဲဖြစ်သည် - ယော၊၁း၁၊ ၁၄။ ၆း၆၂။ တ၊၇း၅၆၊ ၅၉-၆၀။

B. ထို့ကြောင့် သခင်ယေရှု၏တက်ကြွခြင်းမှစ၍ ပလ္လင်တော်ပေါ်မှာ လူတစ်ဦး ရှိနေပြီဖြစ်သည်။ မိလေနိကာလနှင့် ထာဝရကာလ ပတ်လုံး ကောင်းကင်သစ်နှင့် မြေကြီးသစ်တွင် ပလ္လင်တော်ပေါ်မှာ လူတစ်ဦး ရှိနေဦးမည်ပင် ဖြစ်သည် - မ၊၁၉း၂၈။ ဗျာ၊၂၂း၁၊ ၃။

C. လူနှင့်အတူ ကိုယ်တော်၏ဆက်နွယ်ခြင်း၌ ဘုရားသခင်၏ နက်နဲလှသော ရည်ရွယ်ချက်မှာ မိမိကိုယ်တော်တိုင်ကို လူနှင့် ရောနှော ပေါင်းစည်း၍ လူအဖြစ် တူညီစွာဖြစ်လာရန်နှင့် လူကို အသက်၌၊ သဘောသဘာဝ၌၊ ထင်ရှားခြင်း၌ ကိုယ်တော်ကဲ့သို့ တူညီလာ စေရန် ဖြစ်သည်၊ သို့သော် ဦးခေါင်းအရာ၌မဟုတ်ပါ။ လူသည် ဘုရားသခင်ကို ထင်ရှားရန်နှင့် ဘုရားသခင်အတွက် အုပ်စိုးရန် ဘုရားသခင်၏ပုံသဏ္ဍာန်တော်၌ ဖန်ဆင်းခံရသည် - က၊၁း၂၆-၂၈။ ညွှန်း၊ ဟေရှာ၊၁၄း၁၂-၁၄။

1. ပလ္လင်တော်ပေါ်မှအရှင်နှင့် အသက်ရှင်သောသတ္တဝါလေးပါးတို့သည် လူ၏သွင်ပြင်သဏ္ဍာန်ရှိကြပြီး၊ ယင်းမှာ မြေကြီးပေါ် ရှိ အသက်ရှင်သော သတ္တဝါလေးပါးသည် ပလ္လင်တော်ပေါ်မှာရှိသောသူ၏ ထင်ရှားခြင်းဖြစ်ကြောင်း ညွှန်ပြနေသည်။ ဤထင် ရှားခြင်းသည် လူသားဇာတိ၌ ဘုရားသခင်၏ ထင်ရှားပေါ်ထွန်းခြင်းဖြစ်သည် - ယေဇ၊၁း၅။ ၁တိ၊၃း၁၅-၁၆။
2. ကောင်းကင်ရှိ ဘုရားသခင်သည် မြေကြီးပေါ် ရှိ လူကို ရယူလိုသည်၊ ယင်းမှာ မိမိကိုယ်တော်တိုင် လူအထဲသို့ လုပ်ဆောင် ခြင်းအားဖြင့် ကိုယ်တော်၏ထင်ရှားခြင်းအတွက် ဖြစ်သည်။ ထို့မျှမက ဘုရားသခင်၏ရည်ရွယ်ချက်မှာ လူအပေါ် လုပ် ဆောင်ရန်ဖြစ်ပြီး၊ ထိုသို့ဖြင့် လူသည် ပလ္လင်တော်ပေါ်မှာ ရှိရန်အလို့ငှာ ဖြစ်သည် - ဧ၊၃း၁၆-၂၁။ ဗျာ၊၃း၂၁။ ၅း၁၀။ ၂၀း၄။ ၂၂း၅။ မ၊၁၉း၂၈။
3. အစပြုသူ၊ ရှေ့ပြေးအဖြစ် သခင်ယေရှုသည် ဘုန်းတော်အထဲသို့ ဝင်ရောက်ရန် လမ်းထွင်ခဲ့ပြီး၊ ပလ္လင်တော်ပေါ်မှာ ထိုင်တော် မူသည်၊ ကိုယ်တော်၏ များစွာသောညီများဖြစ်သော ကျွန်ုပ်တို့သည် ယခုတွင် ကိုယ်တော်နောက်သို့ လိုက်နေကြသည် - ဟေဗြဲ၊၂း၆-၁၂။ ဗျာ၊၃း၂၁။ ၂၂း၅။

## V. ယေဇကျေလ ၁ တွင် ပလ္လင်တော်ပေါ်မှ လူ၏ အဆင်းသဏ္ဍာန်သည် သွင်ပြင်နှစ်ခုရှိကြောင်း ပြောထားသည် - ခါးတော်မှ အထက် ပိုင်းသည် အီလက်ထရမ်၏ အဆင်းသဏ္ဍာန်ရှိပြီး၊ ခါးတော်မှ အောက်ပိုင်းသည် မီး၏အဆင်းသဏ္ဍာန်ရှိသည် - အငယ်၊၂၇။

A. အီလက်ထရမ်သည် တောက်ပသည့်သတ္တုဖြစ်ပြီး၊ ရွှေနှင့်ငွေရောစပ်ခြင်းဖြစ်သည်။ ရွှေသည် ဘုရားသခင်၏သဘောသဘာဝကို ပုံဆောင်ကာ၊ ငွေသည် ရွေးနုတ်ခြင်းကို ပုံဆောင်သည်။ ထို့ကြောင့် ရွှေနှင့် ငွေ၏ ဒြပ်သဘာဝများဖြင့် ပေါင်းစပ်ထားသည့် အီလက်ထရမ်သည် သိုးသငယ်-ဘုရားသခင်၊ ရွေးနုတ်သောဘုရားသခင်ကို ရည်ညွှန်းသည် - အငယ်၊၄။

B. လူ၏ အထက်ပိုင်း၊ ခါးမှ ဦးခေါင်းအထိသည် ခံစားရသည့်အပိုင်း၊ အာရုံခံစားခံရသည့်အပိုင်း ဖြစ်ပြီး၊ သူ၏သဘောသဘာဝနှင့် သူ၏ စိတ်သဘောထားကို ရည်ညွှန်းသည်။ ကိုယ်တော်၏ သဘောသဘာဝနှင့် စိတ်သဘောထားအရ ပလ္လင်တော်ပေါ် ရှိ သခင် ယေရှုသည် ရွေးနုတ်သော ဘုရားသခင်ကို ရည်ညွှန်းသည့် အီလက်ထရမ်၏အဆင်းသဏ္ဍာန် ရှိသည်။

C. လူ့ခန္ဓာကိုယ်၏အောက်ပိုင်းသည် လှုပ်ရှားခြင်းအတွက်ဖြစ်သည်။ ခါးမှအောက်ပိုင်းသည် မီး၏အဆင်းသဏ္ဍာန်ရှိခြင်းမှာ ဘုရား သခင်၏လောင်ကျွမ်းသော၊ သန့်ရှင်းစင်ကြယ်ပေးသော တန်ခိုးနှင့်အတူ ကိုယ်တော့်လှုပ်ရှားမှု၌ သခင်ဘုရား၏ အဆင်းသဏ္ဍာန် ကို ရည်ညွှန်းသည်။

D. သခင်ဘုရားသည် ကျွန်ုပ်တို့ထံ ရောက်လာသောအခါ ကိုယ်တော်သည် အလင်းပေးရန်၊ ရှာဖွေရန်၊ လောင်ကျွမ်းရန် မီးအဖြစ် ကြွလာသည်။ ထို့နောက် မီးမှတစ်ဆင့် ကိုယ်တော်သည် ကျွန်ုပ်တို့ထံ တောက်ပသော အီလက်ထရမ်ဖြစ်လာပြီး၊ ကျွန်ုပ်တို့သည် ရွေးနုတ်သောဘုရားသခင်၏ ရောင်ခြည်ဖြာထွက်သော ထင်ရှားခြင်းဖြင့် ပြည့်ဝလာကြသည်။

E. လောင်သောမီးအဖြစ် သခင်ဘုရားအားဖြင့် ကျွန်ုပ်တို့၌ အနုတ်လက္ခဏာအရာမှန်သမျှကို လောင်ကျွမ်းပေးပြီးနောက် (ဟေဗြဲ၊ ၁၂း၂၉)၊ ကျွန်ုပ်တို့၌ ကျန်ရှိနေမည့်အရာမှာ ရွေးနုတ်သောဘုရားသခင်ဖြစ်သည့် အီလက်ထရမ် ဖြစ်သည်။

## VI. ယေဇကျေလ ၁ တွင် ပလ္လင်တော်ပေါ်မှာ ထိုင်နေသောသူဖြစ်သည့် လူ၏ပတ်လည်ရှိ တောက်ပခြင်းအဖြစ် သက်တံရှိနေပြီး၊ ယင်းမှာ ပလ္လင်တော်ပေါ် ရှိ သခင်ဘုရားပတ်လည်မှ ခမ်းနားထည်ဝါခြင်းနှင့် ဘုန်းတော်ကို ရည်ညွှန်းသည် - အငယ်၊၂၈။ ဗျာ၊၄း၃။

A. နောအချိန်က မိုးတိမ်ရှိ သက်တံသည် လူသားမျိုးနွယ်ကို ရေလွှမ်းမိုးခြင်းဖြင့် နောက်တဖန် မဖျက်ဆီးတော့ကြောင်း လူနှင့် အသက်ရှင်သော သတ္တဝါအပေါင်းတို့ထံ ကိုယ်တော်၏ ပဋိညာဉ်ပြုခြင်း၌ ဘုရားသခင်၏သစ္စာတော် အမှတ်လက္ခဏာဖြစ်သည် - က၊၉း၁၃။

B. သက်တံသည် အခြေခံကျသော အရောင်သုံးရောင် - အနီရောင်၊ အဝါရောင်နှင့် အပြာရောင်တို့ ပေါင်းစပ်ထားခြင်းမှ ထွက်ပေါ်လာသည်ဟု မှတ်ယူနိုင်ပါသည်။ အနီရောင် - မီး၏အရောင်မှာ ဘုရားသခင်၏ သန့်ရှင်းခြင်းကို ရည်ညွှန်းပြီး၊ အဝါရောင်-အီလက်ထရမ်အရောင်သည် ဘုရားသခင်၏ဘုန်းတော်ကို ရည်ညွှန်း၍၊ အပြာရောင် - နီလာကျောက် ပလ္လင်တော်၏ အရောင်မှာ ဘုရားသခင်၏ ဖြောင့်မတ်ခြင်းကို ရည်ညွှန်းသည် - ဆာ၊၈၉း၁၄။

1. ဘုရားသခင်၏ဖြောင့်မတ်ခြင်း၊ သန့်ရှင်းခြင်းနှင့် ဘုန်းတော်တို့သည် အပြစ်သားများကို ဘုရားသခင်ထံမှ ဝေးကွာစေသော ဘုရားဆိုင်ရာဂုဏ်အင်္ဂါတော် သုံးခုဖြစ်သည် - က၊၃း၂၄။
2. သို့သော်လည်း ခရစ်တော်သည် ဘုရားသခင်၏ဖြောင့်မတ်ခြင်း၊ သန့်ရှင်းခြင်းနှင့် ဘုန်းတော်တို့၏ တောင်းဆိုချက်ကို ဖြည့်ဆည်းရန် ကားတိုင်ပေါ်တွင် အသေခံခဲ့ပြီး၊ ရှင်ပြန်ထမြောက်ခဲ့ကာ၊ ယခု ကိုယ်တော်သည် ကျွန်ုပ်တို့၏ ဖြောင့်မတ်ခြင်း၊ သန့်ရှင်းခြင်းနှင့် ဘုန်းတော်ဖြစ်လာသည် - ၁ကော၊၁း၃၀။
3. ယုံကြည်သူများဖြစ်သည့် ကျွန်ုပ်တို့သည် ယခုတွင် ခရစ်တော်၌ရှိသောကြောင့် ဘုရားသခင်၏အမြင်၌ ကျွန်ုပ်တို့သည် ဖြောင့်မတ်ခြင်း၊ သန့်ရှင်းခြင်းနှင့် ဘုန်းတော်အဖြစ် ခရစ်တော်၏ အဆင်းသဏ္ဍာန်ကို ဆောင်ထားကြသည်။ ဤသည်မှာ အပြစ်သားများအပေါ် ကိုယ်တော်၏တရားစီရင်ခြင်းမှ ကျဆင်းသွားသော ကျွန်ုပ်တို့ကို လွတ်ငြိမ်းစေခြင်း၊ ကယ်တင်ခြင်း၌ ဘုရားသခင်၏ သစ္စာရှိခြင်းကို သက်သေခံချက်အဖြစ် သက်တံ၏ အဆင်းသဏ္ဍာန်ပင် ဖြစ်သည်။
4. သက်တံ၏အဆင်းသဏ္ဍာန်ရှိသည့် တိုက်မြစ်များရှိသောမြို့တော် ယေရုရှလင်မြို့သစ်၌ (ဗျာ၊၂၁း၁၉-၂၀)၊ ကယ်တင်ခံရသူ စုစုပေါင်းဖြစ်သည့် ကျွန်ုပ်တို့သည် ဘုရားသခင်၏ဖြောင့်မတ်ခြင်း၊ သန့်ရှင်းခြင်းနှင့် ဘုန်းတော်၏တောက်ပခြင်းကို ရောင်ပြန်ဟပ်ကာ ကျွန်ုပ်တို့ ဘုရားသခင်သည် ဖြောင့်မတ်၍ သစ္စာရှိကြောင်း သက်သေခံကြလိမ့်မည်ဖြစ်သည်။
5. ယေဇကျေလ ၁ ၌ ဖော်ပြသည့်အတိုင်း ခရစ်ယာန်အသက်တာနှင့် အသင်းတော်အသက်တာသည် ထိုသို့သော သက်တံ၌ ပြီးမြောက်ပြည့်စုံလိမ့်မည်ဖြစ်သည်။ ထိုအချက်၌ ဘုရားသခင်၏ ထာဝရအကြံအစည်တော်သည် ပြီးမြောက်ပြည့်စုံပြီးဖြစ်လိမ့်မည်ဖြစ်သည်။

*© 2025 Living Stream Ministry*